# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

June 8, 2020 Volume 32, Number 6


| ၈.၆.၂၀၂၀ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၆၈၉ -US$ |
| မြန်မာ့ရွှေဈေး | = ၁၂၁၁၀၀၀ |
| ဒေါ်လာဈေး | = ၁၄၁၁/- ကျပ် |
| CBM Rate | = ၁၄၀၇.၈ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၉၁.၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၀၁၁.၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၈၆.၈ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၂၈၅.၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၈၅.၀၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၉.၀၄ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၈.၆၃၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၇.၁၈ ကျပ် |
| မလေးရှားရင်းဂစ် | =၃၂၉.၈၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၄.၇၇၇ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## မော်တော်ယာဉ်ဈေးနှုန်းများကျဆင်းပြီး ဈေးကွက်ပြန်ကောင်းလာ



ကညနေ့၏ မော်တော်ယာဉ် ဝန်ဆောင်မှုလုပ်ငန်းများ ဇွန်လ ၈ ရက်မှစ၍ ပြန်လည်စတင်မည်ဖြစ်ကြောင်းအသိပေးပြီး တစ်ပတ်အတွင်း မော်တော်ယာဉ် ဈေးကွက်ပြန်ကောင်းလာကြောင်း အရောင်းအဝယ်ပြုလုပ်သူများကပြောသည်။ ထို့အပြင် မော်တော်ကား ဈေးကွက်အတွင်း၌ အသုံးပြုပြီး မော်တော်ယာဉ်အများစုမှာ ယခင်ကထက် ကျပ်သိန်း ၂၀ မှ ကျပ်သိန်း ၁၀၀ ဝန်ကျင်အထိ မော်ဒယ်အလိုက် ဈေးနှုန်းကျဆင်းနေကြောင်း ၎င်းတို့ကဆိုသည်။ "အရောင်းအဝယ်ပြန်ရှိလာတယ်။ Use ကားတွေအများစုပေ့ါ။ အဲဒီအထဲမှာမှ ၂၀၀၃ အထက် မော်ဒယ်မြင့်တွေဆို ပိုများတယ်။ နောက်ပြီး ဟွန်ဒါ CRV တို့၊ တိုယိုတာဗန်းဂတ်ဆိုရင် အရင်ကဈေးထက် ကျပ်သိန်း ၁၀၀ ဝန်းကျင်လောက် ဈေးကျသွားတယ်။ ပြီးတော့ ၂၀၀ ဝန်းကျင် ကားတန်းထဲမှာဆိုလည်း ကျပ်သိန်း ၂၀ ကနေ သိန်း ၃၀ လောက်ကို ဈေးကျလာတယ်"ဟု MMM မော်တော်ယာဉ်အရောင်းစင်တာပိုင်ရှင် ဦးမင်းမင်းမောင်က ပြောသည်။ လက်ရှိ ကားဈေးကွက်အတွင်း တစ်ပတ်ရစ်မော်တော်ယာဉ်ဈေးကွက်မှ မော်တော်ကားအများစု၏ဈေးနှုန်းသည် ယခင်ကထက် ၂၀ ရာခိုင်နှုန်းဝန်းကျင် ကျဆင်းလာခြင်းမှာ အရောင်းအဝယ်ဖြစ်ပေါ်လာမှု၏ အဓိကအချက်ဖြစ်ကြောင်း ၎င်းက သုံးသပ်သည်။

မြန်မာနိုင်ငံ မော်တော်ယာဉ် ထုတ်လုပ်ရေးနှင့်ဖြန့်ဖြူး ရောင်းချသူများအသင်း ဒုတိယဥက္ကဋ္ဌ ကိုဇော်ထိုက်အေးက "ပြည်တွင်းထုတ် SKD ကားတွေ ဝယ်လိုအားပြန် ရှိတယ်။ ဒါပေမဲ့ အရင်လို HP စနစ်နဲ့ဟာတော့မရှိဘူး။ လက်ငင်းငွေချေတဲ့ ဈေးကွက်နဲ့အရောင်းအဝယ်ဖြစ်လာတယ်။ အဓိကတော့ ဟွန်ဒိုင်းနဲ့ ဆူဇူကီးတံဆိပ်တွေ ဝယ်လိုအားများတယ်" ဟု ပြောသည်။ ဝယ်၊ ရောင်းဈေးကွက်တွင်လည်း ကျပ်သိန်း

၃၀၀ အထက် မော်တော်ကားဈေးနှုန်းများ ကျဆင်းလာခြင်းနှင့်အတူ ကျပ်သိန်း ၁၀၀ ဝန်းကျင်ရှိ မော်တော်ယာဉ် အများစု အရောင်းအဝယ် ပြန်ဖြစ်လာသည်ဟု မော်တော်ယာဉ် ဝယ်၊ ရောင်းအဖြစ် လုပ်ကိုင်နေသည့် ကိုစောဇင်ညီကဆိုသည်။ "Fit တို့၊ မတ်တူးတို့ ဈေးကွက်ထဲပြန်ဆင်းလာတယ်။ ပြီးတော့ ဆူဇူကီးအာတီကာ တစ်ပတ်ရစ်တွေ ဝင်လာတယ်။ တိုယိုတာကလူကာဆို ကျပ်သိန်း ၆၀ လောက်အထိ ဈေးကျနေတယ်" ဟု ၎င်းကပြောသည်။

မော်တော်ယာဉ်အရောင်းအဝယ်ဈေးကွက်နှင့် တိုက်ရိုက်သက်ဆိုင်နေသည့် ကညနဓ၏ရုံးလုပ်ငန်းစဉ်များတွင် မော်တော်ယာဉ်သက်တမ်းတိုးခြင်း၊ ယာဉ်မှန်၊ မမှန်စစ်ဆေးခြင်းနှင့် ယာဉ်မောင်းလိုင်စင် ဖြေဆိုခြင်း၊ သက်တမ်းတိုးခြင်းအပါအဝင် ဝန်ဆောင်မှုလုပ်ငန်းများကို ဇွန်လ ၈ ရက်(ယနေ့) မှစ၍ ပုံမှန်အတိုင်း ပြန်လည် ဆောင်ရွက်ပေးမည်ဟု ကြေညာထားသည်။

**Source:** https://7day.news/detail?id=188222

## အခွန်သက်သာခွင့် သတ်မှတ်ချိန်မကုန်ဆုံးမီ အိမ်ခြံမြေဈေးကွက် အနည်းငယ်ပြန်လှုပ်ရှားနိုင်ဟုဆို

COVID-19 ကပ်ရောဂါကြောင့် စီးပွားရေးနှေးနေသော်လည်း အခွန်သက်သာခွင့် အချိန်မကုန်ဆုံးမီ ပြည်တွင်း အိမ်ခြံမြေဈေးကွက် အနည်းငယ်လှုပ်ရှားလာနိုင်သည်ဟု အိမ်ခြံမြေအကျိုးဆောင်အချို့က မျှော်လင့်နေကြသည်။ မြန်မာနိုင်ငံတွင် ဇွန်လကစတင်ပြီး လုပ်ငန်းများပြန်လည်လည်ပတ်လာချိန်၌ အိမ်ခြံမြေအရောင်းအဝယ်ဈေးကွက်တွင် စုံစမ်းမှုများတိုးလာသကဲ့သို့ အရောင်းအဝယ် အနည်းငယ်ပြန်ဖြစ်လာကြောင်း ၎င်းတို့ကပြောသည်။ မြန်မာနိုင်ငံတွင် အခွန်သက်သာခွင့်ကို ယခုနှစ် စက်တင်ဘာလကုန်အထိ အစိုးရက ခွင့်ပြုပေးထားသည်။ အိမ်ခြံမြေများ၊ မော်တော်ယာဉ်များ ရောင်းဝယ်ရာတွင် တရားဝင်အမည်ပေါက်ပြောင်းလဲမည်ဆိုပါက ကျပ်သိန်း ၁,၀၀၀ အောက် ဝယ်ယူမည် ဆိုလျှင် အခွန် ၃ ရာခိုင်နှုန်းသာ ပေးဆောင်ရမည့် အခွင့်အရေးဖြစ်သည်။

ထိုကဲ့သို့ အခွန်သက်သာခွင့်ကြောင့် အိမ်ခြံမြေဈေးကွက် ပြန်လည်လှုပ်ရှားလာမည်ဟု အကျိုးဆောင်များက မျှော်လင့်ထားသော်လည်း COVID-19 ကပ်ရောဂါကြောင့် စီးပွားရေးများတုံ့ဆိုင်းပြီး အရောင်းအဝယ်ရပ်တန့်လုနီးပါးဖြစ်ခဲ့သည်ဟု မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း ဒုတိယဥက္ကဋ္ဌ ဦးသန်းဦးကပြောသည်။ "အခုချိန်မှာတော့ ဈေးကွက်က နည်းနည်းလေး ပြန်လှုပ်လာတယ်"ဟု ဦးသန်းဦးကဆိုသည်။ ဝါတွင်းကာလ နီးကပ်လာခြင်းကြောင့် အိမ်ငှားဈေးကွက်တွင်လည်း လှုပ်ရှားမှုအချို့ ရှိနေသည်ဟု ၎င်းကဆိုသည်။ "မေးမြန်းစုံစမ်းတာတွေလည်းရှိလာတယ်။ ပြီးတော့ အရောင်းအဝယ်အချို့လည်း ရှိနေတယ်" ဟု စိုင်းခွန်နောင် အိမ်ခြံမြေအကျိုးဆောင်ကုမ္ပဏီမှ ဦးစိုင်းခွန်နောင်ကပြောသည်။ သို့သော် ၂၀၂၀ နိုဝင်ဘာတွင် ရွေးကောက်ပွဲရှိခြင်းကြောင့် ယခုနှစ် အိမ်ခြံမြေဈေးကွက်အခြေအနေက စက်တင်ဘာနောက်ပိုင်း ပြန်လည်တုံ့နှေးသွားနိုင်သည်ဟု အကျိုးဆောင်အချို့ကပြောသည်။

**Source:** https://7day.news/detail?id=188220

## လက်ရှိတွင် နိုင်ငံတော်အရန်ဆန်အတွက် ဆန်တန်ချိန် ၃၂၀၀၀ ခန့်ကို ပြည်ပသို့ ဆန်တင်ပို့မည့် ကုမ္ပဏီ ၁၁၀ ထံမှ ဝယ်ယူလက်ခံထားပြီးဖြစ်ကြောင်းသိရ

လက်ရှိအချိန်တွင် နိုင်ငံတော်အရန် ဆန်အတွက် ဆန်တန်ချိန် ၃၂၀၀၀ ခန့်ကို ပြည်ပသို့ ဆန်တင်ပို့မည့် ကုမ္ပဏီ ၁၁၀ ခုထံမှ သတ်မှတ်ထားသည့် စံချိန်စံညွှန်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ဝယ်ယူလက်ခံထားရှိပြီးဖြစ်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ သိရသည်။ နိုင်ငံတော်၏ အရန်ရိက္ခာအစီအစဉ်အရ အရန်ဆန်များကို ဝယ်ယူခြင်း၊ စစ်ဆေးခြင်း၊ လက်ခံခြင်း၊ သိုလှောင်ခြင်း လုပ်ငန်းများကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ MITS နှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့ ပူးပေါင်းလျက် ၂၀၂၀ ပြည့်နှစ် ဧပြီ ၃၀ ရက်မှ စတင်၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ဇွန်လ ၅ ရက်အထိ သိုလှောင်ရုံ ၉ ရုံတွင် ဆန်တန်ချိန် ၃၂၀၀၀ ခန့်ကို ပြည်ပသို့ ဆန်တင်ပို့မည့် ကုမ္ပဏီ ၁၁၀ ခုထံမှ သတ်မှတ်ထားသည့် စံချိန်စံညွှန်းများနှင့်အညီ ဝယ်ယူလက်ခံထားရှိပြီးဖြစ်သည်။ ၂၀၂၀ ခုနှစ် မေလအတွက် ပြည်ပတင်ပို့မည့် ဆန်နှင့်ဆန်ကွဲတန်ချိန် တစ်သိန်းခွဲအား ပင်လယ်ရေကြောင်းမှ ကုမ္ပဏီ ၁၁၂ ခုနှင့် နယ်စပ်လမ်းကြောင်းမှ ကုမ္ပဏီ ၂၀၀ ခန့် စုစုပေါင်းကုမ္ပဏီ ၃၀၀ ကျော်တို့က သတ်မှတ် ခွဲဝေထားသော ပမာဏအတိုင်း တင်ပို့ခဲ့ကြောင်း သိရသည်။

COVID-19 Pandemic ကာလအတွင်း ဆန်နှင့် ဆန်ကွဲ ပို့ကုန်လိုင်စင်အတွက် လစဉ်ပင်လယ်ရေကြောင်းမှ တန်ချိန် တစ်သိန်းနှင့်နယ်စပ်လမ်းကြောင်းမှ တန်ချိန် ငါးသောင်း စုစုပေါင်းတန်ချိန် တစ်သိန်းခွဲအထိ ခွင့်ပြုသွားမည်ဖြစ်ကြောင်း ဧပြီ ၂၄ ရက်က စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည်။ မေလအတွက် လိုင်စင်လျှောက်ထားရာတွင် ၂၀၂၀ ခုနှစ် မတ်လ ၁၆ ရက်မှ ၂၀ ရက်အထိ ဆန်နှင့်ဆန်ကွဲတင်ပို့ခွင့် ပို့ကုန်လိုင်စင် ခွင့်ပြုထုတ်ပေးထားမှုအပေါ် အမှန်တင်ပို့မှု အထောက်အထားဖြစ်သော အကောက်ခွန်ဦးစီးဌာန၏ ပို့ကုန်ကြေညာလွှာ (ED) နှင့် အကယ်၍ ခွင့်ပြုလိုင်စင်ပမာဏအား အပြည့်အဝတင်ပို့နိုင်ခြင်းမရှိဘဲ လိုင်စင်လက်ကျန်ကျန်ရှိပါက အမှန်တင်ပြင်ဆင်အပ်နှံသည့် အထောက်အထားပါရှိရမည် ဖြစ်သည်။ ထို့ပြင် ဆန်/ဆန်ကွဲ တင်ပို့ခွင့် ပို့ကုန်လိုင်စင်လျှောက်ထားသည့်ပမာဏအပေါ် နိုင်ငံတော်အရန်ဆန် ၁၀ ရာခိုင်နှုန်း ပေးသွင်းထားပြီးဖြစ်ကြောင်း အထောက်အထားများ ပါရှိရမည်ဖြစ်သည်။

၂၀၂၀ ခုနှစ် ဇွန်လမှ စက်တင်ဘာလများအတွက် လိုင်စင်လျှောက်ထားရာတွင် ယခင်လများတွင် ခွင့်ပြုချက် ရရှိသည့် လိုင်စင်များအပေါ် ပြီးပြတ်အောင်တင်ပို့ပြီးဖြစ်ကြောင်း အကောက်ခွန်ဦးစီးဌာန၏ ပို့ကုန်ကြေညာလွှာ (ED) ၊ ခွင့်ပြုလိုင်စင ်ပမာဏအား အပြည့်အဝတင်ပို့နိုင်ခြင်းမရှိဘဲ လိုင်စင်လက်ကျန် ကျန်ရှိပါက အမှန်တင်ပြင်ဆင်အပ်နှံသည့် အထောက်အထား၊ ဆန်နှင့်ဆန်ကွဲတင်ပို့ခွင့် ပို့ကုန်လိုင်စင်လျှောက်ထားသည့်ပမာဏအပေါ် နိုင်ငံတော်အရန်ဆန် ၁၀ ရာခိုင်နှုန်း ကြိုတင် ပေးသွင်းထားပြီးဖြစ်ကြောင်း အထောက်အထားများ ပါရှိရမည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်

**Source:** https://news-eleven.com/article/177232

## စားဖိုဆောင်သုံး ကုန်စည်အများစုဈေးကျနေ




သင်္ကြန်ပိတ်ရက်အလွန် ဧပြီ ၁၈ ရက်မှစ၍ ရန်ကုန်ဘုရင့်နောင်ဈေးကွက် ပြန်လည်စတင်ဖွင့်လှစ်ပြီးနောက် မီးဖိုဆောင်သုံးကုန်စည်အများစု ဈေးနှုန်းများ ကျဆင်းနေဆဲရှိသည်ဟု ဈေးကွက်ကသိရသည်။ ဧပြီ ၁၈ ရက် စတင်ဖွင့်သည့်နေ့တွင် ကြက်သွန်နီလက်ကားတစ်ပိဿာ ကျပ် ၈၀၀၊ အာလူးတစ်ပိဿာ ကျပ် ၁၁၀၀ ရှိခဲ့ပြီး မေ ၂၆ ရက်တွင် ကြက်သွန်နီ လက်ကားတစ်ပိဿာ ကျပ် ၅၅၀၊ အာလူး ကျပ် ၆၀၀ နှုန်းဝန်းကျင်သာရှိသည်။ ရန်ကုန် ဈေးကွက်သို့ နေ့စဉ်ကြက်သွန်နီ ဝင်ရောက်မှုမှာ ယခင်လများထက် ထက်ဝက်ဝန်းကျင်နည်းသော်လည်း ရန်ကုန်ဈေးကွက်တွင် ဝယ်လိုအားနည်းသည့်အတွက် ဈေးနှုန်းအနိမ့်တွင်ရှိနေဆဲဖြစ်သည်။ နယ်ကြက်သွန်နီ ဈေးကွက်တွင်လည်း တစ်ပိဿာ ကျပ် ၅၀၀ အောက်တွင်သာရှိနေဆဲဖြစ်သည်။ မေ ၂၆ ရက် ရန်ကုန်ဈေးကွက်တွင် ဆိပ်ဖြူကြက်သွန်နီလက်ကားတစ်ပိဿာလျှင် ၄၆၅ ကျပ်မှ ကျပ် ၅၀၀ ကြား၊ အောင်လံကြက်သွန်နီမှာ ကျပ် ၃၅၀ မှ ကျပ် ၄၅၀ ကြားပေါက်ဈေးရှိသည်။ အာလူးဈေးကွက်တွင်လည်း ရှမ်းအာလူး သာမက တရုတ်အာလူးများလည်း ဝင်ရောက်လာသည်။ တရုတ်အာလူး လက်ကား တစ်ပိဿာ ၆၂၅ ကျပ်မှ ကျပ် ၆၅၀ နှုန်းသာရှိသည်။ ၁၂ ဘီးကား၊ တွဲကားများဖြင့် ဝင်ရောက်ရာတွင် ရန်ကုန်ဈေးကွက်အတွင်း အပုပ်ဖယ်ပြီးမှ ရောင်းချကြသည်။ ရှမ်းဟဲဟိုးအာလူးမှာ လက်ကား တစ်ပိဿာ ကျပ် ၅၃၀ မှ ကျပ် ၆၃၀ ကြားသာ ပေါက်ဈေးရှိသည်။ ရှမ်းအောင်ပန်း ကြက်သွန်ဖြူမှာလည်း ကျပ် ၁၆၀၀ မှ ကျပ် ၂၂၅၀ နှုန်းသာရှိသည်။

ယခုရက်ပိုင်း တရုတ်နယ်စပ်မှ ကြူကုတ်ကြက်သွန်ဖြူအသစ်များ စတင်ဝင်ရောက်လာရာ မေ ၂၆ ရက်တွင် လက်ကား တစ်ပိဿာ ကျပ် ၁၃၅၀ မှ ကျပ် ၁၄၀၀ ကြားသာရှိသည်။၂၀၁၉ နှစ်ဟောင်းကြူကုတ်ကြက်သွန်ဖြူမှာမူ လက်ကားတစ်ပိဿာ ကျပ် ၁၂၅၀ မှ ကျပ် ၁၃၀၀ နှုန်းသာရှိသည်။ ၂၀၁၉ ခုနှစ်ထွက်ကြူကုတ် ကြက်သွန်ဖြူ အသစ်များသည် ၂၀၁၉ ခုနှစ်အတွင်း ဈေးကွက်သို့ တစ်ပိဿာ ကျပ် ၃၀၀၀ ဖြင့် ဝင်ရောက်ပြီး ၂၀၁၈ ခုနှစ်တွင်မူ ၂၀၁၈ ကြူကုတ်အသစ်များသည် တစ်ပိဿာ ကျပ် ၁၃၀၀ နှုန်း၊ ၂၀၁၇ ခုနှစ်တွင်မူ ၂၀၁၇ ခုနှစ်ထွက် ကြူကုတ်အသစ်များသည်၂၀၁၇ ခုနှစ်၊ မေလအတွင်း လက်ကား တစ်ပိဿာ ကျပ် ၅၇၀၀ နှုန်းဖြင့် ရောင်းချခဲ့သည်ဟု ဈေးနှုန်းဟောင်းများအရသိရသည်။

မြစ်ဝကျွန်းပေါ်ဒေသထွက် ငရုတ်ရှည်အသစ်များ ရန်ကုန်ဈေးကွက်သို့ ဝင်ရောက်မှုများချိန် ဈေးနှုန်းအနိမ့်တွင်သာ ရှိနေဆဲ

ဖြစ်သည်။ ပြည်တွင်း၌စိုက်ပျိုးထွက်ရှိသော အိန္ဒိယမျိုးရေတ်ရှည်များမှာ အရောင်အသွေးပေါ်မူတည်၍ လက်ကားတစ်ပိဿာ ကျပ် ၂၅၀၀မှ ကျပ် ၃၀၀၀ အတွင်းရှိသည်။ အညိုရောင်များလျှင် ဈေးနိမ့်ပြီး အနီရောင်ရှိလျှင် ဈေးနှုန်းအမြင့်ရသည်။ ရွှေလောင်း၊ ပန်းတနော်၊အိမ်မဲ၊ ဝါးခယ်မရေတ်ရှည်များမှာ ရေတ်ထွက်ရှိရာဒေသအလိုက် မေ ၂၆ ရက်တွင် တစ်ပိဿာ လက်ကား ဈေးနှုန်း ကျပ် ၂၅၀၀ မှကျပ် ၂၈၀၀ အတွင်းရှိသည်။ လေးအိမ်စုမိုးထောင် ရေတ်အသစ် လက်ကားတစ်ပိဿာ ကျပ် ၃၁၅၀၊ ရွှေလောင်း မိုးရေတ်အသစ်ကျပ် ၃၁၀၀ နှုန်းသာရှိသည်။ ဆင်ဖြူကျွန်းရေတ်ပွ လက်ကားတစ်ပိဿာ ကျပ် ၅၅၀၀ မှ ကျပ် ၆၀၀၀ ကြား၊ မြစ်ဝရေတ်ပွ ကျပ် ၄၃၀၀ မှ ကျပ် ၅၀၀၀ ခန့်ရှိသည်။ သင်္ကြန်ပိတ်ရက်မတိုင်မီ ရေတ်ရှည်လက်ကား တစ်ပိဿာ ကျပ် ၃၂၀၀၊ မိုးထောင်ရေတ်တစ်ပိဿာ ကျပ် ၃၄၀၀၊ ရေတ်ပွ တစ်ပိဿာ ကျပ် ၆၀၀၀ နှုန်း လက်ကားဈေးနှုန်း ရှိခဲ့သည်။

၂၀၁၉ နှစ်ကုန်ပိုင်း စတင်လည်ပတ်ကြိတ်ဝါးခဲ့သော သကြားစက်များ ကြံရာသီကုန်၍ စက်များရပ်နားခဲ့သော ၂၀၂၀ သင်္ကြန်အလွန်တွင် သကြားဈေးနှုန်း ကျဆင်းလျက်ရှိနေဆဲဖြစ်သည်။ ပြည်တွင်းထွက် သကြားများအနက် မြန်မာပြည် အထက်ပိုင်းထွက်သကြားတံဆိပ်တစ်မျိုးသည် ဈေးကွက်အတွင်း လက်ကားတစ်ပိဿာ ကျပ် ၉၆၀ ဝန်းကျင်ရှိခဲ့ရာမှ ယခု ရက်ပိုင်းတွင် ရန်ကုန်ဈေး ၈၇၅ကျပ်ဝန်းကျင်သာရှိသည်။ မန္တလေးဈေးနှုန်းဆိုလျှင် ၎င်းသကြားဈေးနှုန်းမှာ တစ်ပိဿာ ကျပ် ၈၅၀ အောက်တွင်သာရှိသည်။ အခြား တံဆိပ်သကြားများမှာ ရန်ကုန်ဈေးကွက်တွင် လက်ကားတစ်ပိဿာ ကျပ် ၈၅၀ ဝန်းကျင်သာရှိသည်။ ၂၀၂၀ ပြည့်နှစ်၊ မတ်၁၈ ရက်မှ ဧပြီလဆန်းအထိ ရန်ကုန်ဈေးကွက်အတွင်း စားအုန်းဆီလက်ကား တစ်ပိဿာ ကျပ် ၁၉၀၀ နှုန်းအထိရှိခဲ့သည်။ ၎င်းကာလအတွင်း ဆိပ်ကမ်းရောက်တစ်ပိဿာအရင်းဈေးထက် ကျပ် ၃၀၀ ဝန်းကျင်ဈေးမြင့်ခဲ့သည်။ သို့သော် မေ ၂၆ ရက်တွင်မူပြည်ပဈေးကျဆင်းပြီး အရင်းဈေးပါကျဆင်းလာသော်လည်း ရန်ကုန် စားအုန်းဆီဈေးကွက်တွင် အရင်းဈေးထက် ဈေးလျှော့ရောင်းလာကြသည်။ မေ ၂၂ ရက်တွင် ပြည်ပစားအုန်းဆီ FOB တစ်တန် ဒေါ်လာ ၅၅၀၊ ပြည်ပပို့ကုန်ရ ငွေလဲနှုန်း ၁၄၀၈ ကျပ်ရှိသည်။

ဧပြီလနှင့်မေလသင်္ဘောတင် ယခုရက်ရောက် စားအုန်းဆီအရင်းဈေးနှုန်း ကျပ် ၁၅၇၀၊ မေလနှင့်ဇွန်လသင်္ဘောတင် ဇွန်လ ရောက် စားအုန်းဆီ အရင်းဈေးနှုန်းတစ်ပိဿာ ၁၄၅၆ ကျပ်ဟု ဆီအသင်း၏ နေ့စဉ် ဈေးနှုန်းသတင်းပေးပို့ခြင်းတွင် မေ ၂၆ ရက် တွင်ဖော်ပြထားသည်။ သို့သော် ရန်ကုန်ဈေးကွက်အတွင်း မေ ၂၂ ရက်တွင် ဆီထုတ်ယူခွင့်စာရွက်တစ်ပိဿာရောင်းဈေးကျပ် ၁၄၄၇၀၊ လက်လီပီပါဈေး တစ်ပိဿာ ကျပ် ၁၅၂၀၊ လက်လီပုံးဆွဲ တစ်ပိဿာ ရောင်းဈေး ကျပ် ၁၆၂၀ ဟု ဖော်ပြလာသည်။ သို့သော် မေ ၂၂ ရက် ရန်ကုန်ဆီဈေးကွက်သို့နယ်မှ ပီပါတစ်ပီပါ၊ နှစ်ပီပါမှာယူ ဝယ်ယူသည့်အခါ ပီပါဈေး တစ်ပိဿာ ကျပ်၁၄၈၀ သာရှိသည်ဟု နယ်မှဆီမှာယူသူတစ်ဦးကပြောသည်။ ရန်ကုန်ပဲဈေးကွက်အတွင်း မတ်ပဲနှင့်ပဲစင်းငုံဈေးနှုန်းများသည် အကျ ဘက်တွင်သာရှိနေသည်။ သင်္ကြန်မတိုင်မီ ၂၀၂၀ ပြည့်နှစ်၊ ဧပြီ ၈ ရက်တွင် မတ်ပဲ RC တစ်တန် ကျပ် ၉၈၇၀၀၀ နှုန်းရှိပြီး သင်္ကြန် ပိတ်ရက် အလွန်နောက်ပိုင်း မေ ၁၄ ရက်တွင် ကျပ် ၉၈၈၀၀၀ နှုန်းရှိသည်။ သို့သော် မေ ၂၆ ရက်တွင်မူ မတ်ပဲ RC တစ်တန် ကျပ် ၉၄၀၀၀၀ နှုန်းသာရှိသည်။ ပဲစင်းငုံ (နီ) RC တစ်တန် ဧပြီ ၁ ရက်တွင် ကျပ် ၇၇၀၀၀၀ နှုန်း၊ ဧပြီ ၂၄ ရက်တွင် ကျပ် ၈၁၀၀၀၀နှုန်း အသီးသီးရှိသော်လည်းမေ ၂၆ ရက်တွင်မူ ကျပ် ၇၅၆၀၀၀ နှုန်းသာရှိသည်။

**Source:** မြန်မာတောင်သူကြီးများဂျာနယ်

http://htwettoe.com/article-details/news/9441695

## နိုင်ငံတော် အရန်ဆီဝယ်ယူမှု တန်ချိန် ၁၂၀၀၀ အနက် ၅၀၀၀ ကျော်ဝယ်ယူပြီးစီး




နိုင်ငံတော်အရန်ဆီဝယ်ယူမှု တန်ချိန် ၁၂၀၀၀ အနက် တန်ချိန် ၅၀၀၀ ကျော် ဝယ်ယူပြီးဖြစ်ကာ ဇွန်လအတွင်း လက်ကျန်တန်ချိန် ၇၀၀၀ ခန့်ကို ဆက်လက် ဝယ်ယူမည်ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာ ဦးစီးဌာနမှသိရသည်။ "နိုင်ငံတော်အရန်ဆီဝယ်ယူမှုက မေလဆန်းလောက်ကစပြီး ဝယ်ယူခဲ့တာ မေလအတွက်ကတော့ တန်ချိန် ၅၀၀၀ ကျော်ဝယ်ယူပြီးပြီ။ ဇွန်လမှာ တန်ချိန် ၇၀၀၀ လောက်ထပ်ဝယ်မယ်။ ဝယ်တဲ့ကုမ္ပဏီတွေက တော့စာချုပ်

ချုပ်ပြီးသားပါဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးရဲထွဋ်နိုင်က မြန်မာတိုင်းမ်သို့ပြောသည်။ အဆိုပါအရန်ဆီကိုကုမ္ပဏီ ၄ ခုထံမှ နှစ်လအတွင်း နှစ်ကြိမ်ခွဲဝယ်ယူမည်ဖြစ်ပြီး မေလတွင် Wilmar ကုမ္ပဏီထံမှ တန် ၃၀၀၀ နှင့် Diamond Dragon ကုမ္ပဏီထံမှ တန် ၂၀၀၀ ၊ ဇွန်လတွင် Wilmar ကုမ္ပဏီထံမှတန် ၂၂၀၀၊Diamond Dragon ကုမ္ပဏီ ထံမှတန်၂၀၀၀၊Six winner Brothers ကုမ္ပဏီ ထံမှတန် ၁၀၀၀ နှင့် Vivi ကုမ္ပဏီထံမှ တန် ၁၈၀၀ စုစုပေါင်း တန် ၁၂၀၀၀ ဖြစ်သည်။ "နောက်ထပ်ဝယ်ယူမှုက ကုမ္ပဏီတွေအနေနဲ့ သူတို့အဆင်သင့် ဖြစ်ပြီလို့ အကြောင်းကြားတာနဲ့ ကျွန်တော်တို့က သွားပြီးစစ်လိုက်မယ်။ အဲဒီလိုစစ်ဆေးလိုက်တာနဲ့ ဇွန်လ အတွက်လည်း ဝယ်ယူပြီးဖြစ်သွားမှာပါ။ မေလအတွက်ရော ဇွန်လအတွက်ပါ စာချုပ်ကချုပ်ဆိုပြီးသားပါ။ ကျွန်တော်တို့က ဝယ်ပြီးသားဆီတွေကို အဲဒီကုမ္ပဏီတွေရဲ့ ကန်တွေမှာပဲထားတာ။ သူတို့ဆီမှာရှိနေလားဆိုတာ တစ်ပတ်နှစ်ကြိမ်သွားပြီး စစ်တယ်။ ပြီးရင် တိုင်းနဲ့ ပြည်နယ်တွေကိုခွဲတမ်းအရ ခွဲပြီးပေးမယ်။ ရန်ကုန်ကိုလာပြီးတော့ ထုတ်ယူရမှာပါ" ဟု ဦးရဲထွဋ်နိုင်က ပြောသည်။

COVID 19 ရောဂါကြုံတွေ့နေရချိန်တွင် ပြည်တွင်းဈေးနှုန်းတည်ငြိမ်ရေး၊ ရိက္ခာဖူလုံမှုရှိစေရေးအတွက် နိုင်ငံတော် အရန်ဆန်နှင့်ဆီကို ကျပ် ၃၈ ဘီလျံဖိုး ဝယ်ယူသိုလှောင်နေခြင်းဖြစ်ပြီး လိုအပ်သည့်ငွေကြေးကို နိုင်ငံတော်သမ္မတ၏ အရေးပေါ်ရန်ပုံငွေမှ ထုတ်ယူသုံးစွဲခြင်းဖြစ်သည်။

**Source:** https://myanmar.mmtimes.com/news/139999.html

## လက်ရှိဘဏ္ဍာနှစ် ရှစ်လခန့်တွင် ပဲမျိုးစုံတင်ပို့မှု ယခင်နှစ်ကာလတူထက် တန်ချိန် ၇၈၀၀၀ ကျော် ပိုမိုတင်ပို့နိုင်ခဲ့သဖြင့် ဝင်ငွေဒေါ်လာသန်း ၁၉၀ ကျော်ပိုမိုရရှိထား



လက်ရှိဘဏ္ဍာနှစ် ရှစ်လခန့်တွင် ပြည်ပသို့ ပဲမျိုးစုံတင်ပို့မှုသည် ယခင်နှစ်ကာလတူထက် တန်ချိန် ၇၈၀၀၀ ကျော် ပိုမိုတင်ပို့နိုင်ခဲ့သဖြင့် ဝင်ငွေဒေါ်လာသန်း ၁၉၀ ကျော် ပိုမိုရရှိထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ မေ ၂၂ ရက်အထိ ရှစ်လခန့်တွင် ပြည်ပသို့ ပဲမျိုးစုံတန်ချိန် ၁ ဒသမ ၁၅၈ သန်း တင်ပို့မှုမှ ဝင်ငွေဒေါ်လာ ၈၅၃ ဒသမ ၅၆၀ သန်း ရရှိထားသည်။ ယခင်နှစ်ကာလတူတွင် တန်ချိန် ၁ ဒသမ ၀၇၉ သန်းကျော်သာ တင်ပို့ထားပြီး ဝင်ငွေဒေါ်လာ ၆၆၂ ဒသမ ၃၇၉ သန်းသာ ရရှိထားသည်။ “ပဲမျိုးစုံတင်ပို့မှုက မနှစ်ကထက်ပိုတယ်။ တန်ချိန်လည်း ပိုတယ်။ ဝင်ငွေလည်း ပိုတယ်” ဟု လက်ထောက် အတွင်းဝန် ဦးခင်မောင်လွင်က ပြောကြားသည်။လက်ရှိဘဏ္ဍာနှစ် ရှစ်လခန့်တွင် ပြည်ပသို့ ပဲမျိုးစုံတင်ပို့မှုသည် ယခင်နှစ်ကာလတူထက် တန်ချိန် ၇၈၇၆၇ တန် ပိုမိုတင်ပို့ထားနိုင်ပြီး ဝင်ငွေအားဖြင့် ဒေါ်လာ ၁၉၁ ဒသမ ၁၈၁ သန်း ပိုမိုရရှိထားသည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်တွင်းမှထွက်ရှိသည့် ပဲမျိုးစုံအနက် မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစဉ်းငုံစသည့် ပဲအမျိုး အစားသုံးမျိုးကို ပြည်ပသို့ အများဆုံးတင်ပို့နေခြင်းဖြစ်သည်။ ယင်းအနက် မတ်ပဲနှင့်ပဲစဉ်းငုံကို အိန္ဒိယနိုင်ငံသို့ အဓိကတင်ပို့နေခြင်းဖြစ်ပြီး ပဲတီစိမ်းကို တရုတ်နှင့်ဥရောပနိုင်ငံတချို့သို့ အဓိကတင်ပို့နေခြင်းဖြစ်သည်။ အိန္ဒိယဈေးကွက်ကိုသာ အဓိကတင်ပို့နေရသည့် မြန်မာ့ပဲမျိုးစုံအတွက် လက်ရှိတွင် ဥရောပ၊ ဂျပန်၊ တရုတ် စသည့်နိုင်ငံများသို့ ဈေးကွက်တိုးချဲ့ရှာဖွေနိုင်သဖြင့် လာမည့်နှစ်နှစ်အတွင်း ပဲတင်ပို့မှု အခက်အခဲ မရှိနိုင်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက ပြောကြားသည်။ လက်ရှိ ဇွန်လဆန်းတွင် အမျိုးအစားအပေါ်မူတည်၍ မတ်ပဲတစ်တန်လျှင် ဒေါ်လာ ၆၅၅ မှ ၈၆၀ အထိ၊ ပဲတီစိမ်းတစ်တန်လျှင် ဒေါ်လာ ၈၅၀ မှ ၁၀၅၀ အထိ၊ ပဲစင်းငုံ တစ်တန်လျှင် ဒေါ်လာ ၅၄၀ မှ ၅၉၀ အထိ အသီးသီးရှိကြောင်း ဘုရင့်နောင်ကုန်စည်ဒိုင်က ထုတ်ပြန်ထားသည့် စာရင်းများအရသိရသည်။

ပြီးခဲ့သည့် မတ်လတတိယပတ်တွင် အိန္ဒိယအစိုးရ၏ ၂၀၁၅-၂၀၂၀ နိုင်ငံခြားကုန်သွယ်မှု မူဝါဒအရ ဗဟိုအစိုးရက ၂၀၁၇ ခုနှစ်မှစတင်၍ ကန့်သတ်တင်သွင်းကုန်စည်အဖြစ် သတ်မှတ်ထားသည့် မတ်ပဲကို ၂၀၂၀ -၂၀၂၁ ဘဏ္ဍာနှစ်အတွက် တန်ချိန် လေးသိန်းသတ်မှတ်၍ တင်သွင်းခွင့်ပြုမည်ဖြစ်ကြောင်း ကုန်သွယ်ရေးအသိပေးချက် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ ယင်းကဲ့သို့ ထုတ်ပြန်ပြီးချိန်၌ ပြည်တွင်း၌ မတ်ပဲဈေးနှုန်းများမြင့်တက်လာခဲ့ကြောင်း မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်အသင်းမှ အတွင်းရေးမှူး ဦးမင်းကိုဦးက ပြောကြားသည်။ ထို့ပြင် အိန္ဒိယနိုင်ငံက ပဲစင်းငုံကိုလည်း Quota သတ်မှတ်တစ်ခု ထွက်လာနိုင်သဖြင့် ပြည်တွင်းပဲစင်းငုံဈေးကွက်၌ အလားအလာကောင်းများရှိကြောင်း မြန်မာနိုင်ငံ ပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်းမှ သိရသည်။

လက်ရှိတွင် COVID-19 ရောဂါဖြစ်ပွားနေသည့် ဥရောပနိုင်ငံများသို့ မြန်မာနိုင်ငံမှ ပဲတီစိမ်းတင်ပို့မှု ခေတ္တရပ်ဆိုင်းမှုများ ရှိနိုင်သော်လည်း ဥရောပဈေးကွက်သို့ ပဲတီစိမ်းတင်ပို့မှု ကြီးကြီးမားမား ထိခိုက်မှုမရှိသေးကြောင်း မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းမှသိရသည်။ "ဥရောပဘက်တော့ နည်းနည်းပါးပါးပါ။ ကိုရိုနာဗိုင်းရပ်စ် ဖြစ်နေတဲ့နေရာတွေက တင်ပို့မှုလေးတွေ ခေတ္တရပ်သွားတဲ့နိုင်ငံတွေလည်း ရှိကောင်းရှိပါတယ်။ တချို့တင်ပို့လို့ရတဲ့ နိုင်ငံတွေကိုလည်း တင်ပို့နေပါတယ်။ အရမ်းကြီးကြီးမားမားတော့ မထိခိုက်သေးဘူး" ဟု မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း အတွင်းရေးမှူး ဦးမင်းကိုဦးက ပြောကြားသည်။

မြန်မာနိုင်ငံတွင် နှစ်စဉ်ပဲမျိုးစုံစိုက် ဧက ၁၁ သန်းကျော်ရှိပြီး မတ်ပဲနှင့် ပဲစင်းငုံ စိုက်ပျိုးမှု ၃၅ ရာခိုင်နှုန်းကျော်ရှိသည်။ မြန်မာနိုင်ငံတွင် ပဲမျိုးစုံ ၁၈ မျိုးအား နှစ်စဉ်စိုက်ဧက စုစုပေါင်း ၁၁ ဒသမ ၄၅ သန်းခန့် စိုက်ပျိုးလျက်ရှိရာ ပဲတီစိမ်း ၂၆ ရာခိုင် နှုန်း၊ မတ်ပဲ ၂၅ ရာခိုင်နှုန်း၊ ပဲစင်းငုံ ၁၅ ရာခိုင်နှုန်း၊ ကုလားပဲ ရှစ်ရာခိုင်နှုန်း စိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။ ယင်းပဲမျိုးစုံ စုစုပေါင်းစိုက်ဧက၏ ၆၆ ရာခိုင်နှုန်းမှာ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံသီးနှံများ စိုက်ပျိုးလျက်ရှိပြီး ဒေသရေမြေကိုက်ညီမှုအပေါ် မူတည်၍ ပဲစင်းငုံသီးနှံကို စစ်ကိုင်း၊ မန္တလေး၊ မကွေး၊ ရှမ်းပြည်နယ်တို့တွင် မိုးရာသီ၌လည်းကောင်း၊ ပဲတီစိမ်းသီးနှံအား မကွေး၊ စစ်ကိုင်း၊ ပဲခူး၊ ရန်ကုန်၊ မန္တလေး ဧရာဝတီတိုင်းဒေသကြီးတို့တွင် မိုးကြို (သို့မဟုတ်) ဆောင်းသီးနှံအဖြစ်လည်းကောင်း၊ မတ်ပဲသီးနှံအား ပဲခူး၊ ဧရာဝတီ၊ စစ်ကိုင်း၊ နေပြည်တော်တို့၌ မိုး/ဆောင်းသီးနှံအဖြစ်လည်းကောင်း အဓိကထားစိုက်ပျိုးပြီး ပြည်နယ်နှင့်တိုင်းဒေသကြီးအနှံ့တွင် စိုက်ပျိုးနိုင်သည့် သီးနှံများဖြစ်သည်။

**Source:** https://news-eleven.com/article/177371

## တစ်ပတ်အတွင်း ပြည်တွင်းရွှေဈေးနှုန်း အတက်အကျပမာဏ ကျပ် ၁၂၅၀၀ ဝန်းကျင်ရှိခဲ့ပြီး အနိမ့်ဆုံးနှုန်း ကျပ် ၁၂၀၇၅၀၀၊ အမြင့်ဆုံးနှုန်း ကျပ် ၁၂၂၀၀၀၀ ဖြစ်ပေါ်

တစ်ပတ်အတွင်း ပြည်တွင်းရွှေဈေးနှုန်း အတက်အကျပမာဏ ကျပ် ၁၂၅၀၀ ဝန်းကျင်ရှိခဲ့ပြီး အနိမ့်ဆုံးနှုန်း ကျပ် ၁၂၀၇၅၀၀ (ဇွန် ၄ ရက်)၊ အမြင့်ဆုံးနှုန်း ကျပ် ၁၂၂၀၀၀၀ (ဇွန် ၁ ရက်) အထိ ဖြစ်ပေါ်ခဲ့ကြောင်း ရွှေရောင်းဝယ်သူများထံမှသိရသည်။ ပြည်တွင်းရွှေဈေးနှုန်းသည် ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၃ ရက်တွင် ၂၀၁၈ ခုနှစ် စက်တင်ဘာ ၂၀ ရက်၌ဖြစ်ပေါ်ခဲ့သော ကျပ် ၁၀၄၇၇၀၀ စံချိန်ကို ကျပ် ၁၀၄၈၅၀၀ ဖြင့်ကျော်ဖြတ်ခဲ့ပြီး စံချိန်သစ်များဆက်တိုက်တင်ကာ ဇန်နဝါရီ ၃၁ ရက်တွင် ကျပ် ၁၀၆၃၀၀၀ အထိဖြစ်ပေါ်ခဲ့သည်။ ထို့နောက် ရွှေဈေးများ ဆက်လက်မြင့်တက်ခဲ့ရာ ဖေဖော်ဝါရီ ၂၀ ရက်တွင် ကျပ် ၁၀၈၈၅၀၀ အထိ၊ ၂၀၁၉ ခုနှစ် ဇွန် ၂၀ ရက်တွင် ကျပ် ၁၁၀၁၀၀၀ အထိ၊ ဇူလိုင် ၁၁ ရက်တွင် ကျပ် ၁၁၃၆၀၀၀ အထိ၊ ဇူလိုင် ၂၅ ရက်တွင် ကျပ် ၁၁၅၀၀၀၀ အထိမြင့်တက်ခဲ့သည်။ ဩဂုတ်လအတွင်းတွင်လည်း စံချိန်သစ်များ ဆက်တိုက်ဖြစ်ပေါ်ခဲ့ပြီး ဩဂုတ် ၃ ရက်တွင် ကျပ် ၁၁၅၄၉၀၀၊ ဩဂုတ် ၇ ရက်တွင် ကျပ် ၁၂၀၃၀၀၀၊ ဩဂုတ် ၁၃ ရက်တွင် ကျပ် ၁၂၃၇၀၀၀၊ ဩဂုတ် ၂၆ ရက်တွင် ကျပ် ၁၂၄၉၀၀၀၊ ဩဂုတ် ၂၉ ရက်တွင် ကျပ် ၁၂၆၃၀၀၀၊ စက်တင်ဘာ ၄ ရက်တွင် ကျပ် ၁၂၈၂၀၀၀၊ စက်တင်ဘာ ၅ ရက်တွင် ကျပ် ၁၃၁၅၀၀၀ အထိ စံချိန်သစ်များ တင်ခဲ့ခြင်းဖြစ်သည်။

၂၀၁၆ ခုနှစ်မှစ၍ ၂၀၁၉ ခုနှစ်အထိ ပြည်တွင်းရွှေဈေးနှုန်း စံချိန်တင်ဈေးနှုန်းများ အကြိမ်ကြိမ်ဖြစ်ပေါ်ခဲ့ကာ နှစ်အလိုက် စံချိန်တင်ဈေးနှုန်းများမှာ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၄ ရက်တွင် ကျပ် ၉၀၃၅၀၀၊ ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁၅ ရက်တွင် ကျပ် ၉၅၇၈၀၀၊ ၂၀၁၈ ခုနှစ် စက်တင်ဘာ ၂၀ ရက်တွင် ကျပ် ၁၀၄၇၇၀၀၊ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် ကျပ် ၁၀၈၈၅၀၀၊

၂၀၁၉ ခုနှစ် ဇူလိုင် ၁၈ ရက်တွင် ကျပ် ၁၁၄၃၅၀၀၊ ၂၀၁၉ ခုနှစ် ဩဂုတ် ၁၃ ရက်တွင် ကျပ် ၁၂၃၇၀၀၀၊ ၂၀၁၉ ခုနှစ် စက်တင်ဘာ ၅ ရက်တွင် ကျပ် ၁၃၁၅၀၀၀ ဖြစ်သည်။ ရွှေဈေးနှုန်းသည် ၂၀၁၆ ခုနှစ်တွင် ကျပ် ၈၀၀၀၀၀ တန်း၊ ၂၀၁၇ ခုနှစ်တွင် ကျပ် ၉၀၀၀၀၀ တန်း၊ ၂၀၁၈ ခုနှစ်တွင် ကျပ် ၁၀၀၀၀၀၀ တန်း၊ ၂၀၁၉ ခုနှစ်တွင် ကျပ် ၁၁၀၀၀၀၀ တန်းနှင့် ကျပ် ၁၂၀၀၀၀၀ တန်း ကို ကျော်လွန်လာခဲ့ပြီး လက်ရှိအချိန်တွင် ကျပ် ၁၃၁၀၀၀၀ ကျော်အထိ မြင့်တက်ခဲ့ခြင်းဖြစ်သည်။ ပြီးခဲ့သည့် ခြောက်လအတွင်း လအလိုက် အနိမ့်ဆုံးနှင့် အမြင့်ဆုံး ရွှေဈေးနှုန်းများမှာ ၂၀၁၉ ခုနှစ် ဒီဇင်ဘာတွင် ကျပ် ၁၁၇၀၀၀၀- ၁၁၉၉၅၀၀၊ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီတွင် ကျပ် ၁၁၉၂၀၀၀-၁၂၃၇၀၀၀၊ ဖေဖော်ဝါရီတွင် ကျပ် ၁၂၁၄၀၀၀ -၁၂၆၂၂၀၀၊ မတ်တွင် ကျပ် ၁၁၃၆၀၀၀- ၁၂၂၅၀၀၀၊ ဧပြီတွင် ကျပ် ၁၁၄၅၀၀၀-၁၁၉၄၀၀၀၊ မေတွင် ကျပ် ၁၁၆၉၅၀၀- ၁၂၃၆၀၀၀ ဖြစ်သည်။

လအလိုက်ဖြစ်ပေါ်ခဲ့သော အနိမ့်ဆုံးနှင့်အမြင့်ဆုံး ကမ္ဘာ့ရွှေဈေးနှုန်းများမှာ ၂၀၁၉ ခုနှစ် ဇွန်တွင် ၁၃၀၅-၁၄၂၃ ဒေါ်လာ၊ ဇူလိုင်တွင် ၁၃၈၂-၁၄၄၅ ဒေါ်လာ၊ ဩဂုတ်တွင် ၁၄၅၀-၁၅၄၂ ဒေါ်လာ၊ စက်တင်ဘာ၌ ၁၄၈၃-၁၅၅၂ ဒေါ်လာ၊ အောက်တိုဘာတွင် ၁၄၇၂- ၁၅၁၂ ဒေါ်လာ၊ နိုဝင်ဘာတွင် ၁၄၅၅- ၁၅၁၃ ဒေါ်လာ၊ ဒီဇင်ဘာတွင် ၁၄၅၆- ၁၅၁၄ ဒေါ်လာ၊ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီတွင် ၁၅၂၈-၁၅၈၉ ဒေါ်လာ၊ ဖေဖော်ဝါရီတွင် ၁၅၄၉-၁၆၅၉ ဒေါ်လာ၊ မတ်တွင် ၁၄၆၇-၁၆၇၃ ဒေါ်လာ၊ ဧပြီတွင် ၁၅၆၈-၁၇၂၉ ဒေါ်လာ၊ မေတွင် ၁၆၈၃-၁၇၄၈ ဒေါ်လာဝန်းကျင် ဖြစ်ပေါ်ခဲ့ပြီး ကွာဟချက် ဒေါ်လာ ၄၀ ဝန်းကျင်မှ ဒေါ်လာ ၂၀၀ ကျော်အထိ ရှိခဲ့သည်။

**Source:** https://news-eleven.com/article/177385

## နိုင်ငံတကာဈေးကွက်တွင် မြန်မာဆန်ဈေး ပြန်လည်ကျဆင်း



အိန္ဒိယနိုင်ငံက Lock-down ဖယ်ရှားပြီး နိုင်ငံတကာ ဆန်ဈေးကွက်သို့ ပြန်ဝင်လာခြင်းကြောင့် ဆန်ရောင်းလိုအား မြင့်တက်လာကာ မြန်မာဆန်ဈေး ပြန်လည်ကျဆင်းလာကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ တာဝန်ရှိသူ အချို့ကပြောသည်။ ဈေးကွက်သဘောအရ ရောင်းလိုအားတက်လာချိန်တွင် မြန်မာဆန်ဈေးက တစ်တန်လျှင် ဆန်အမျိုးအစား အလိုက် ၁၀ ဒေါ်လာမှ ၂၁ ဒေါ်လာအကြား ကျဆင်းခဲ့ကြောင်း ကမ္ဘာ့ဆန်ဈေးကွက်အခြေအနေကို သုံးသပ်သည့် LRI အစီရင်ခံစာတွင် ဖော်ပြထားသည်။

မြန်မာနိုင်ငံမှ ပြည်ပတင်ပို့နေသည့် အရည်အသွေး ငါးမှတ် (အကျိုးအကြေ ၅ ရာခိုင်နှုန်းရှိသော) ဆန်တစ်တန်ဈေးနှုန်းသည် အမေရိကန်ဒေါ်လာ ၄၅၀ မှ ၄၄၀ သို့ ကျဆင်းသကဲ့သို့ ၂၅ မှတ်ဆန်တစ်တန်ဈေးနှုန်းကလည်း ၃၅၄ ဒေါ်လာမှ ၃၄၃ ဒေါ်လာသို့ကျဆင်းကြောင်း ဖော်ပြထားသည်။

ဝယ်လိုအားလျော့ခြင်းကြောင့် နိုင်ငံတကာဈေးကွက်တွင် မြန်မာဆန်ဈေး အနည်းငယ် ကျဆင်းသော်လည်း ပြည်တွင်းဈေးကွက်တွင် ဆန်ကြမ်းဈေးတက်လာသည်။ ပြည်တွင်းစားသုံးသည့် ဆန်ကြမ်းအမျိုးအစား ဆန်တစ်အိတ်လျှင် ကျပ် ၂၅,၀၀၀ ဈေးရှိသည်။ ၎င်းဆန်အမျိုးအစားသည် ဧပြီလနှင့်နှိုင်းယှဉ်လျှင် ဆန်တစ်အိတ်လျှင် ကျပ် ၁,၅၀၀ ခန့်ဈေးတက်သည်ဟု ဘုရင့်နောင်ဆန်ကုန်စည်ဒိုင်မှ ဆန်ကုန်သည်အချို့ကပြောသည်။

ပြည်တွင်းအဓိကစားသုံးသည့် ဆန်ချောများဖြစ်သော ပေါ်ဆန်းဆန်အမျိုးအစားကလည်း လက်ကားဈေးကွက်တွင် ဧပြီနောက်ပိုင်းဈေးပြန်တက်လာပြီး လက်ရှိတွင် ဆန်တစ်အိတ်ပျမ်းမျှ ကျပ် ၄၀,၀၀၀ ဝန်းကျင်ဈေးဖွင့်သည်။ နိုင်ငံတကာဈေးကွက်တွင် မြန်မာဆန်ဈေးကျသော်လည်း ဧပြီ ၃၀ ရက်မှ ဇွန်လ ၅ ရက်အထိ ဆန်တန်ချိန် သုံးသိန်းကျော်ပြည်ပတင်ပို့ရန် စီးပွားကူးသန်းဝန်ကြီးဌာနက လိုင်စင်ချထားပေးသည်။ နိုင်ငံစားနပ်ရိက္ခာအတွက် ပြည်ပတင်ပို့မှု၏ ၁၀ ရာခိုင်နှုန်းကို အစိုးရက အရန်ဆန်အဖြစ်ဝယ်ယူရာတွင် ဇွန်လ ၅ ရက်အထိ ဆန်တန်ချိန် ၃၂,၀၀၀ ခန့် ဂိုဒေါင်ကိုးခုတွင် ဝယ်ယူစုဆောင်းထားကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က ကြေညာချက်ထုတ်ပြန်ထားသည်။

**Source:** https://7day.news/detail?id=188127

## WTI ရေနံဈေး တစ်စည် ၃၉ ဒေါ်လာဝန်းကျင်ရှိပြီး ပြည်တွင်းဈေးကွက်တွင် စက်သုံးဆီဈေးနှုန်းများ တစ်လအတွင်း တစ်လီတာ ၉၅ ကျပ်မှ ကျပ် ၁၆၀ အထိ ပြန်လည်မြင့်တက်

WTI ရေနံဈေးသည် ဇွန် ၆ ရက်တွင် တစ်စည် ၃၉ ဒေါ်လာဝန်းကျင်ရှိပြီး ပြည်တွင်းဈေးကွက်တွင် စက်သုံးဆီဈေးနှုန်းများ တစ်လအတွင်း တစ်လီတာ ၉၅ ကျပ်မှ ကျပ် ၁၆၀ အထိ ပြန်လည်မြင့်တက်ခဲ့ကြောင်း စက်သုံးဆီအရောင်းဆိုင်များ၏ နေ့စဉ်ရောင်းချနေသော ဈေးနှုန်းများအရသိရသည်။ ၂၀၂၀ ပြည့်နှစ် မေ ၆ ရက်နှင့် ဇွန် ၆ ရက် စက်သုံးဆီဈေးနှုန်းများကို နှိုင်းယှဉ်ပါက 92 Ron တစ်လီတာ ကျပ် ၁၆၀၊ 95 Ron တစ်လီတာ ၁၄၅ ကျပ်၊ ဒီဇယ်တစ်လီတာ ၉၅ ကျပ်၊ ပရီမီယမ်ဒီဇယ်တစ်လီတာ ၉၅ ကျပ် ပြန်လည်မြင့်တက်ခဲ့ကြောင်းသိရသည်။ WTI ရေနံဈေးသည် ဧပြီတတိယပတ်တွင် သုညဒေါ်လာနှုန်းအောက် ကျဆင်းခဲ့ပြီး ပြည်တွင်းစက်သုံးဆီ ဈေးနှုန်းများ ငါးလနီးပါး (ဇန်နဝါရီ ၈ ရက်မှ မေ ၁ ရက်အထိ) အတွင်း တစ်လီတာ ကျပ် ၅၅၀ မှ ၆၀၅ ကျပ်အထိ ဆက်လက်ကျဆင်းခဲ့ကြောင်း စက်သုံးဆီအရောင်းဆိုင်များ၏ နေ့စဉ်ရောင်းချနေသော ဈေးနှုန်းများအရ သိရသည်။

WTI ရေနံဈေးနှုန်းသည် ၂၀၁၈ ခုနှစ် အောက်တိုဘာ ၃ ရက်တွင် ၇၆ ဒေါ်လာအထိ မြင့်တက်ခဲ့ပြီးနောက် ရေနံဈေးနှုန်းများ ပြန်လည်ကျဆင်းခဲ့ရာ ဒီဇင်ဘာ ၂၄ ရက်တွင် ၄၂ ဒေါ်လာဝန်းကျင်အထိ ရောက်ခဲ့သည်။ ၂၀၁၉ ခုနှစ် ဧပြီ ၂၃ ရက်တွင် ၆၆ ဒေါ်လာအထိ ပြန်တက်ခဲ့သည်။ ထို့နောက် ဇွန် ၁၂ ရက်တွင် ၅၁ ဒေါ်လာအထိ ကျဆင်းခဲ့ပြီး ဇူလိုင် ၁၀ ရက်တွင် ဒေါ်လာ ၆၀ အထက် ပြန်ရောက်ကာ ဩဂုတ် ၇ ရက်တွင် ၅၁ ဒေါ်လာအထိ ပြန်ကျခဲ့သည်။ စက်တင်ဘာ ၃ ရက်တွင် ၅၃ ဒေါ်လာ ဝန်းကျင်အထိ ကျဆင်းခဲ့ပြီး စက်တင်ဘာ ၁၆ ရက်တွင် ၆၂ ဒေါ်လာဝန်းကျင်အထိ မြင့်တက်ခဲ့ကာ နိုဝင်ဘာ ၁၉ ရက်တွင် ၅၅ ဒေါ်လာ၊ နိုဝင်ဘာ ၂၉ ရက်တွင် ၅၈ ဒေါ်လာ၊ ဒီဇင်ဘာ ၄ ရက်တွင် ၅၆ ဒေါ်လာ၊ ဇန်နဝါရီ ၈ ရက်တွင် ၆၃ ဒေါ်လာ၊ ဇန်နဝါရီ ၁၅ ရက်တွင် ၅၇ ဒေါ်လာ၊ ဖေဖော်ဝါရီ ၂၂ ရက်တွင် ၅၃ ဒေါ်လာ၊ မတ် ၇ ရက်တွင် ၄၁ ဒေါ်လာ ရှိခဲ့သည်။ မတ် ၁၈ ရက်တွင် ဒေါ်လာ ၂၀ ဝန်းကျင်၊ ဧပြီ ၂၀ ရက်တွင် သုညဒေါ်လာအောက်အထိ ကျဆင်းခဲ့ပြီးနောက် ပြန်တက်ခဲ့ရာ ဇွန် ၆ ရက်တွင် ၃၉ ဒေါ်လာဝန်းကျင် ဖြစ်ပေါ်ခဲ့သည်။

ဇွန် ၆ ရက်တွင် ရန်ကုန်မြို့ရှိ စက်သုံးဆီဆိုင်အချို့တွင် ရောင်းချခဲ့သောဈေးနှုန်းမှာ ဒီဇယ်တစ်လီတာ ကျပ် ၅၃၀ (တစ်ဂါလန် ၂၄၀၉ ကျပ်)၊ ပရီမီယမ်ဒီဇယ် တစ်လီတာ ကျပ် ၅၄၀ (တစ်ဂါလန် ၂၄၅၄ ကျပ်)၊ အောက်တိန်း 92 Ron တစ်လီတာ ကျပ် ၄၆၀ (တစ်ဂါလန် ၂၀၉၁ ကျပ်)၊ အောက်တိန်း 95 Ron တစ်လီတာ ကျပ် ၅၈၀ (တစ်ဂါလန် ၂၆၃၆ ကျပ်) ဖြစ်သည်။ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၈ ရက်နှင့် မေ ၁ ရက်တွင် ဖြစ်ပေါ်ခဲ့သော တစ်လီတာဈေးနှုန်းများ နှိုင်းယှဉ်ပါက ဒီဇယ် ကျပ် ၅၅၀ (၅၅ ဒသမ ၈၃ ရာခိုင်နှုန်း)၊ ပရီမီယံဒီဇယ် ကျပ် ၅၅၀ (၅၅ ဒသမ ၂၇ ရာခိုင်နှုန်း)၊ အောက်တိန်း 92 Ron ၆၀၅ ကျပ် (၆၆ ဒသမ ၈၅ ရာခိုင်နှုန်း)၊ အောက်တိန်း 95 Ron ကျပ် ၅၆၀ (၅၆ ဒသမ ၂၈ ရာခိုင်နှုန်း) အထိ ကျဆင်းခဲ့ကြောင်းသိရသည်။ ဒေါ်လာဈေးနှင့် ကမ္ဘာ့ရေနံဈေးနှုန်း အပြိုင်မြင့်တက်ခဲ့သည့် ၂၀၁၈ ခုနှစ် ဇွန်မှအောက်တိုဘာအထိ လေးလကျော်အတွင်း ပြည်တွင်း စက်သုံးဆီဈေးနှုန်း ၂၁ ရာခိုင်နှုန်းကျော်အထိ မြင့်တက်ခဲ့ပြီး တစ်လီတာ စံချိန်တင်ဈေးနှုန်းများအနေဖြင့် ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁၀ ရက်တွင် 92 Ron ၁၀၆၅ ကျပ်၊ 95 Ron ၁၁၁၅ ကျပ်၊ ဒီဇယ် ၁၀၉၅ ကျပ်၊ ပရီမီယံဒီဇယ် ၁၁၀၅ ကျပ်အထိဖြစ်ပေါ်ခဲ့သည်။

၂၀၁၉ ခုနှစ်အတွင်း လအလိုက်၊ စက်သုံးဆီဈေးနှုန်း (လီတာ) များအလိုက် မြင့်တက်ခဲ့သော ပမာဏများမှာ ဇန်နဝါရီတွင် ၂၅ ကျပ်မှ ကျပ် ၆၀ အထိ၊ ဖေဖော်ဝါရီတွင် ကျပ် ၄၀၊ မတ်၌ ၅၅ ကျပ်မှ ကျပ် ၈၀ အထိ၊ ဧပြီတွင် ၃၅ ကျပ်မှ ၆၅ ကျပ်အထိ ဈေးနှုန်းများ ဆက်လက်မြင့်တက်ခဲ့ပြီး မေတွင် အတက်အကျနည်းပါးခဲ့ကာ ဇွန် (၂၁ ရက်အထိ) တွင် ကျပ် ၁၁၀ မှ ကျပ် ၁၃၀ အထိ ပြန်လည်ကျဆင်းခဲ့သည်။ ထို့နောက် ဇွန် ၂၁ ရက်မှ ဇူလိုင် ၁၅ ရက်အတွင်း တစ်လီတာ ၃၅ ကျပ်ပြန်လည်မြင့်တက်ခဲ့ပြီး ဇူလိုင် ၁၉ ရက်မှ ဩဂုတ် ၁၀ ရက်အထိ တစ်လီတာ ၃၅ ကျပ်မှ ကျပ် ၅၀ အထိ ပြန်လည်ကျဆင်းခဲ့သည်။ ဩဂုတ် ၁၅ ရက်မှ စက်တင်ဘာ ၂၅ ရက်အတွင်း တစ်လီတာ ကျပ် ၇၀ အထိပြန်တက်ခဲ့ပြီး စက်တင်ဘာ ၂၅ ရက်မှ အောက်တိုဘာ ၄ ရက်အတွင်း တစ်လီတာ ကျပ် ၄၀ ပြန်လည်ကျဆင်းခဲ့သည်။ အောက်တိုဘာ ၉ ရက်မှ ၂၅ ရက်အတွင်း တစ်လီတာ ကျပ် ၄၀ မှ ၄၅ ကျပ်အထိ ပြန်တက်ခဲ့ပြီး အောက်တိုဘာ ၂၆ ရက်မှ နိုဝင်ဘာ ၅ ရက်အတွင်း တစ်လီတာ ၁၀ ကျပ်မှ ၁၅ ကျပ်အထိ ပြန်ကျခဲ့သည်။ နိုဝင်ဘာ ၆ ရက်မှ ၁၉ ရက်အတွင်း တစ်လီတာ ၁၀ ကျပ်မှ ၃၅ ကျပ်အထိ၊ နိုဝင်ဘာ ၂၁ ရက်မှ ၂၉ ရက်အထိ တစ်လီတာ ၂၅ ကျပ်မှ ၃၅ ကျပ်အထိ မြင့်တက်ခဲ့ပြီး နိုဝင်ဘာ ၂၉ ရက်မှ ဒီဇင်ဘာ ၉ ရက်အထိ တစ်လီတာ ၂၅ ကျပ်အထိ ပြန်ကျခဲ့သည်။ ဒီဇင်ဘာ ၁၃ ရက်မှ ဇန်နဝါရီ ၉ ရက်အတွင်း တစ်လီတာ ကျပ် ၂၀ မှ ၃၀ အထိ မြင့်တက်ခဲ့ပြီး ဇန်နဝါရီ ၈ ရက်မှ မေ ၁ ရက်

အတွင်း တစ်လီတာ ကျပ် ၅၅၀ မှ ၆၀၅ ကျပ်အထိ ပြန်လည်ကျဆင်းခဲ့ကာ မေ ၆ ရက်မှ ဇွန် ၆ ရက်အတွင်း တစ်လီတာ ၉၅ ကျပ်မှ ကျပ် ၁၆၀ အထိ ပြန်တက်ခဲ့သည်။

**Source:** https://news-eleven.com/article/177241

## မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်း ကုန်သွယ်မှုပမာဏ ၁၆ ဆကျော် ကျဆင်း

ကိုဗစ်-၁၉ ရောဂါကြောင့် ရခိုင်ပြည်နယ်-မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းကနေ တဖက်ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ကုန်သွယ်မှုပမာဏ ၁၆ ဆကျော် ကျဆင်းခဲ့တယ်လို့ မောင်တောနယ်စပ်ကုန်သည်ကြီးများအသင်းကပြောပါတယ်။ ပြီးခဲ့တဲ့ မတ်လနဲ့နှိုင်းယှဉ်ပါက ဧပြီနဲ့မေလမှာ ကုန်သွယ်မှုပမာဏ ၁၆ ဆကျော် ကျဆင်းခဲ့တာလို့ဆိုပါတယ်။ အခုလို ကျဆင်းရတာဟာ တဖက်ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ကုန်တင်ပို့ပြီး ပြန်လာတဲ့ မော်တော်ဘုတ်သမားတွေဟာ Facility Quarantine နေထိုင်ရမှာ စိုးရိမ်တဲ့အတွက် သွားရောက်မယ့်သူ မရှိတာကြောင့် ဧပြီလ ၁၁ ရက်နေ့ကစပြီး ကုန်သွယ်မှု ယာယီရပ်တန့်ထားခဲ့ရတာကြောင့် ဖြစ်တယ်လို့ မောင်တောနယ်စပ်ကုန်သည်ကြီးများအသင်းဥက္ကဋ္ဌ ဦးအောင်မြင့်သိန်းက DVB ကို ပြောပါတယ်။

မေလ ၃၀ ရက်နေ့ တရက်တည်းသာ ကုန်သွယ်မှုပြုလုပ်နိုင်ခဲ့တာကြောင့် ကိန်းဂဏန်းအရ ကုန်သွယ်မှုပမာဏ ၁၆ ဆ ကျော် ကျဆင်းခဲ့ရတာလို့ ဆိုပါတယ်။ အခုအခါ တဖက်ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ကုန်တင်ပို့ပြီးပြန်လာတဲ့ မော်တော်ဘုတ်သမားတွေကို ဆိပ်ကမ်းအနီး အဆောင်တခုဆောက်ပြီး ပြင်ပလူတွေနဲ့ ထိတွေ့မှုမရှိအောင် Quarantine အဖြစ် ထားရှိဆောင်ရွက်ထားသလို ကျန်းမာရေးဌာန စစ်ဆေးမှုတွေပြုလုပ်ပြီး ကုန်သွယ်မှုကို စတင်ပြုလုပ်နေတယ်လို့ မောင်တောနယ်စပ် ကုန်သည်ကြီးများ အသင်းဥက္ကဋ္ဌ ဦးအောင်မြင့်သိန်းက ရှင်းပြပါတယ်။

မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းကနေ တဖက်ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ဧပြီ ၁၁ ရက်နေ့ကစပြီး ကုန်သွယ်မှုယာယီ ရပ်တန့်ထားခဲ့ရကာ မေလ ၃၀ ရက်နေ့မှာ စတင်ပြီးကုန်တွေ တင်ပို့နေတာပါ။ တလကျော် ကုန်တင်ပို့မှု ရပ်နားထားရ တာကြောင့် မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းမှာ ကုန်တင်ကုန်ချအလုပ်နဲ့ အသက်မွေးဝမ်းကျောင်းပြုနေတဲ့ အလုပ်သမား တွေ စားဝတ်နေရေး အခက်အခဲကြုံတွေ့ခဲ့ရတယ်လို့ ကုန်တင်ကုန်ချအလုပ်သမားတဦးကပြောပါတယ်။ မောင်တောနယ်စပ် ကုန်သွယ်ရေးစခန်းက ၂၀၂၀ ပြည့်နှစ် မတ်လတွင်း တဖက်ဘင်္ဂလားဒေ့ရှ်နိုင်ငံကို အမေရိကန်ဒေါ်လာ ၁.၈၉၅ သန်းဖိုး၊ ဧပြီလမှာ ဒေါ်လာ ၁၂၅၃၉ ဖိုး ကုန်သွယ်မှုပြုနိုင်ခဲ့ပြီး မေလမှာတော့ အမေရိကန်ဒေါ်လာ ၁၂၆၂၉ ဖိုးမျှသာ ကုန်တင်ပို့နိုင်ခဲ့တယ်လို့ မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်း ကိန်းဂဏန်းတွေအရသိရပါတယ်။

**Source:** http://burmese.dvb.no/archives/392663

## တောင်သူတစ်ဦးကို ကွင်း၊ နွားနစ်ကောင်အထိ ထောက်ခံချက်လက်မှတ်ဖြင့်သယ်ဆောင်ခွင့်ပြု

စိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက တောင်သူလယ်သမားတစ်ဦးလျှင် နှစ်ကောင်ထက်မပိုသည့် ခိုင်းကျွဲ၊ခိုင်းနွားများကို သက်ဆိုင်ရာမွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ထုတ်ပေးသည့်တိရစ္ဆာန်ကျန်းမာရေးထောက်ခံချက် လက်မှတ် (AHD/PC-3) မူရင်းတို့နှင့်အတူသယ်ဆောင်ခွင့်ပြုလိုက်သည်။ ၂၀၂၀ပြည့်နှစ် မတ် ၁၁ ရက်နေ့က ထုတ်ပြန် ခဲ့သည့် ကျွဲနွားများကို အရေးကြီးကုန်စည်အဖြစ်သတ်မှတ်ခြင်းနှင့်ကျွဲနွားများကိုပြည်တွင်း၌ သယ်ဆောင်ခြင်းဆိုင်ရာ အမိန့်ကို တောင်သူများအကျိုးစီးပွားမြှင့်တင်ရန်ရည်ရွယ်၍ ပြင်ဆင်သတ်မှတ်ထုတ်ပြန်လိုက်ခြင်းဖြစ်ကြောင်း ယင်းဌာနထံမှ သိရသည်။

တောင်သူများအနေနှင့် နှစ်ကောင်ထက်မပိုသည့် ခိုင်းကျွဲ၊ ခိုင်းနွားများကို မြို့နယ်၊ခရိုင်၊ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ခြားသော်လည်း ကျေးရွာအုပ်စုနယ်နမိတ်ချင်းထိစပ်နေသည့် ကျေးရွာတစ်ခုမှအခြား ကျေးရွာတစ်ခုသို့မွေးမြူရန် သို့မဟုတ် လယ်ယာလုပ်ငန်းတွင် အမှန်တစ်ကယ်အသုံးပြုရန်သယ်ဆောင်ခြင်းဖြစ်ပါက သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးကထုတ်ပေးသည့် မွေးမြူရန် သို့မဟုတ် လယ်ယာ လုပ်ငန်းတွင် အမှန်တကယ်အသုံးပြုရန်ဖြစ်ကြောင်းထောက်ခံချက်မူရင်းတို့နှင့်လည်း သယ်ဆောင်ရမည်ဖြစ်ကြောင်းသိရ

သည်။

နို့စားကျွဲ၊နို့စားနွား သို့မဟုတ် အသားစားကျွဲ၊အသားစားနွားများကို မြို့နယ်တစ်ခုမှအခြားမြို့နယ်တစ်ခုသို့လည်းကောင်း၊ ခရိုင်တစ်ခုမှအခြားခရိုင်တစ်ခုသို့လည်းကောင်း၊ပြည်ထောင်စုနယ်မြေ၊တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုမှအခြားတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုမှပြည်ထောင်စုနယ်မြေသို့လည်းကောင်း မွေးမြူရန်သယ်ဆောင်ခြင်းဖြစ်ပါက သက်ဆိုင်ရာမြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူးကထုတ်ပေးသည့် တိရစ္ဆာန်ကျန်းမာရေးထောက်ခံချက်လက်မှတ် (AHD/PC-3) မူရင်း၊နို့စားကျွဲ၊နို့စားနွားသို့မဟုတ် အသားစားကျွဲ၊အသားစားနွားဖြစ်ကြောင်း ထောက်ခံချက်မူရင်းတို့နှင့်အတူသယ်ဆောင်ရမည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနထံမှသိရသည်။

တိရစ္ဆာန်များအနေဖြင့် ဘေးအန္တရာယ်၊ကူးစက်ရောဂါနှင့်အခြားမလိုလားအပ်သည့် ကိစ္စများမပေါ်ပေါက်စေရန် ကျွဲ၊ နွားများကို အရေးကြီးကုန်စည်အဖြစ်သတ်မှတ်လိုက်ခြင်းဖြစ်ပြီး ယခင်သတ်မှတ်ချက်အရကျွဲ၊နွားများသယ်ဆောင်ပါက သက်ဆိုင်ရာမြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူးက ထုတ်ပေးသည့်တိရစ္ဆာန်ကျန်းမာရေးထောက်ခံချက်လက်မှတ် (AHD/PC 3)မူရင်း၊သက်ဆိုင်ရာခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူးကျွဲ၊နွားသယ်ဆောင်ခွင့်လက်မှတ်မူရင်း၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူး၏ စိစစ်ခွင့်ပြုကြောင်း အကြောင်းကြားစာတို့နှင့်အတူသယ်ဆောင်ရမည်ဖြစ်သည်။

**Source : The Voice**

https://news.ydnp.net/350436/

## ကိုရီးယားသမ္မတနိုင်ငံအစိုးရသည် Coronavirus ကြောင့် ရင်ဆိုင်တွေ့ကြုံရသည့် အကျပ်အတည်းများအား အခွင့်အလမ်းအဖြစ်သို့ပြောင်းလဲရန် ကြိုးစားနေမှုအခြေအနေ

ကိုရီးယားသမ္မတနိုင်ငံအစိုးရသည် လက်ရှိဖြစ်ပွားဆဲဖြစ်သော Coronavirus ကမ္ဘာ့ကပ် ရောဂါကြောင့်ကြုံတွေ့ရသည့် ကျပ်တည်းမှုအခြေအနေများအား အခက်အခဲမှသည် အခွင့်အလမ်းအဖြစ်သို့ပြောင်းလဲရန် နိုင်ငံ၏လက်ရှိကြုံတွေ့နေရသော အကျပ်အတည်းများကိုကျော်လွှား၍ ပိုမို အဆင့်မြင့်သောစီးပွားရေးစနစ်ဖြစ်ပေါ်လာစေမည့် သမိုင်းမှတ်တိုင် တစ်ခုဖြစ်လာစေရေး အလုံးစုံ ပြည့်စုံသောစီမံကိန်းအစီအစဉ်တစ်ခုကို ဦးဆောင်၍ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ COVID-19 အလွန်ကာလတွင် ဖြစ်ပေါ်လာမည့်အခြေအနေများကို အကောင်းဆုံးကိုင်တွယ်ပြီး ပုံမှန်အခြေ အနေ ဆီသို့ခေါ်ဆောင်သွားနိုင်မည့်မဟာဗျူဟာများဖြင့် ခိုင်မာသောအစီအစဉ်များရှိကြောင်း ၂၈-၅-၂၀၂၀ ရက်နေ့တွင် ဒုတိယဝန်ကြီးချုပ်နှင့်ဘဏ္ဍာရေးဝန်ကြီး ဝန်ကြီးဖြစ်သူ Hong Nam-ki မှထုတ်ဖော် ပြောကြားခဲ့ပါသည်။

နိုင်ငံတကာအသိုက်အဝန်းတွင်လည်း ကိုရီးယားသမ္မတနိုင်ငံ၏အကူအညီဖြင့် ကပ်ရောဂါကို ကိုင်တွယ်ဖြေရှင်း ဆောင်ရွက်ပေးရန် နိုင်ငံတကာအဖွဲ့အစည်းများ၊ ဘဏ္ဍာရေးအေဂျင်စီများနှင့် ဖွံ့ဖြိုးမှုဘဏ်များအပါအဝင် ကော်ပိုရေးရှင်းများက မေးမြန်းကမ်းလှမ်းလျက်ရှိကြကြောင်း၊ တောင်ကိုရီးယားအနေဖြင့် ၎င်းတို့၏အတွေ့အကြုံနှင့် အောင်မြင်မှုရှိသော ကပ်ဘေးဆိုင်ရာ စီမံခန့်ခွဲမှုတို့ ကိုအခြားနိုင်ငံများသို့မျှဝေခြင်း၊ ကိုရီးယားသမ္မတနိုင်ငံတွင် သုတေသနစင်တာများနှင့် နိုင်ငံတကာ အဖွဲ့အစည်းများကိုတည်ထောင်ခြင်းစသည့် ကမ္ဘာ့စီးပွားရေးလုပ်ငန်း Project အသစ်တို့တွင် ဦးဆောင်ခြင်းတို့ကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

ထိုအစီအစဉ်သည် ပြုပြင်ပြောင်းလဲတည်ဆောက်မှု၊ ရေရှည်တည်တံ့သောဖွံ့ဖြိုးမှုအတွက် အဆောက်အအုံတည်ဆောက်မှု၊ လူမှုအသိုက်အဝန်းလုံခြုံရေးအတွက် အားကောင်းစေမှုနှင့် လက်ရှိ Global Value Chain ပေါ်တွင် နိုင်ငံ၏ မှီတည်မှုကို လျှော့ချစေရေး စသော မဟာဗျူဟာ(၄)ခု၏ အစိတ်ပိုင်းတစ်ခုပင်ဖြစ်ကြောင်း၊ အစိုးရက ကုမ္ပဏီ၊ အဖွဲ့အစည်းများအား ၎င်းတို့၏ ပေါင်းစည်းလုပ်ကိုင်နေသည့် ဖွဲ့စည်းတည်ဆောက်မှုပုံစံကို ပြေပြစ်သွက်လက်၍ မြန်ဆန်စွာပြောင်းလဲနိုင်သည့် စီးပွားရေးလုပ်ငန်း ပတ်ဝန်းကျင်ဆီသို့ အကောင်းဆုံးလိုက်ဖက်အောင် ပြင်ဆင်နိုင်ရန် ကူညီသွားမည်ဖြစ်ကြောင်း၊ ဒစ်ဂျစ်တယ်နည်းပညာအတွက် လိုအပ်နေသော Semiconductors များထုတ်လုပ်ခြင်း၊ Biotech နှင့် ကျန်းမာရေးကဏ္ဍ၊ အနာဂတ်မော်တော်ကားကဏ္ဍ၊ လျှပ်စစ်နှင့် ဟိုက်ဒရိုဂျင် ယာဉ်ထုတ်လုပ်ခြင်းတို့ကို အစိုးရက စတင်အစပျိုးထူထောင်ခြင်းမှတစ်ဆင့် ပုဂ္ဂလိကကဏ္ဍ၏ တက်ကြွလှုပ်ရှားမှုကို

အထောက်အပံ့ပြုရာရောက်မည်ဖြစ်ကြောင်း သိရှိရပါသည်။

ထို့ပြင် ကုမ္ပဏီများနှင့်အဖွဲ့အစည်းများ၏ စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးမှုပုံစံများနှင့် ကုန်ကျ စရိတ်များကိုလျော့စေရန်နှင့် အနာဂတ်စီးပွားရေးဖွံ့ဖြိုးမှုဆီသို့ ဦးတည်နိုင်ရန်အတွက် မလိုအပ်သော စည်းမျဉ်းများလျှော့ချသွားမည်ဖြစ်ကြောင်း၊ တောင်ကိုရီးယား၏ အဆင့်မြင့်သတင်းအချက်အလက်နည်းပညာသုံးစွဲမှုဖြင့်ဒစ်ဂျစ်တယ်နည်းပညာသုံးစွဲမှုအရှိန်မြှင့်မားလာစေမည် ဖြစ်ကြောင်း၊ အနာဂတ်တွင် Smart Learning တွင်ကျယ်လာလျှင် ကမ္ဘာလုံးဆိုင်ရာကျပ်တည်းနေသည့် ဤကဲ့သို့ အခြေအနေမျိုးတွင် အိမ်မှပင် အရည်အသွေးကောင်းမွန်သည့် အလုပ်များကိုဖန်တီးပေးနိုင်လာမည်ဖြစ်ကြောင်းသိရှိရပါသည်။

ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး(၂) ကလည်း အဆိုပါ ကြီးမားသောစတင်လှုပ်ရှားမှုများက ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များအကြား green drive တစ်ခု၏ အစိတ်အပိုင်းအဖြစ်နှင့် ကမ္ဘာအနှံ့ မြန်ဆန်လာသောသဘာဝပတ်ဝန်းကျင်ပျက်ဆီးမှုတို့ကို သဘာဝပတ်ဝန်းကျင်နှင့်အညီ ပြန်လည်ကိုက်ညီမှုအခြေအနေကို ဖြစ်ပေါ်လာစေမည်ဟု မှတ်ချက်ပြုခဲ့ပါသည်။ စီးပွားရေးနှင့် နိုင်ငံခြားရေးရာမူဝါဒများသည် Global Value Chain ပျက်ဆီးမှုကြောင့်ဖြစ်ပေါ်လာသော ခက်ခဲမှုများအား အကောင်းဆုံးလမ်းကြောင်းကို ပြန်လည်တည်ဆောက်ပေးသွားနိုင်ပြီး လက်ရှိတွေ့ကြုံရလျက်ရှိသော ဆင်းရဲဒုက္ခအခက်အခဲများမှတစ်ဆင့် သင်ခန်းစာများကိုလေ့လာသင်ယူလျက် အခွင့်အရေးအဖြစ်ပြန်လည်ပြောင်းလဲကာ တီထွင်ဆန်းသစ်ခြင်းကို မြှင့်တင်သွားရန် ကိုရီးယားသမ္မတနိုင်ငံ၏ ထိပ်တန်းမူဝါဒချမှတ်သူများက စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းသိရှိရပါသည်။

**Source: The Korea Times**

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဆိုးလ်မြို့**

## စင်ကာပူနိုင်ငံတွင် လာမည့်တစ်နှစ်တာကာလအတွင်း အလုပ်အကိုင်ရှာဖွေသူ တစ်သိန်းခန့်အတွက် အကူအညီပေးမည့် National Jobs Council ကို ဖွဲ့စည်း

COVID–19 ၏ သက်ရောက်မှုများကို ကုစားပေးနိုင်ရန်အတွက် (၄)ကြိမ်မြောက် အစိုးရ၏ ဘတ်ဂျက်အထောက်အပံ့ အစီအမံကို စင်ကာပူဒုတိယဝန်ကြီးချုပ်က ၂၆ – ၅ – ၂၀၂၀ ရက်နေ့တွင် အသိပေးကြေညာခဲ့ရာတွင် အလုပ်အကိုင်ဖန်တီးရေးနှင့် လုပ်သားများ၏ ကျွမ်းကျင်မှုမြှင့်တင်ရေးအတွက် စင်ကာပူဒေါ်လာ ၂ ဘီလီယံ လျာထားသောအစီအစဉ် (SGUnited Jobs and Skills Package) ပါဝင်ခဲ့ပြီး၊ ယင်းအစီအစဉ် အကောင်အထည်ဖော်ရေးလုပ်ငန်းစဉ်များအား စီမံကြီးကြပ်သွားနိုင်ရန် National Jobs Council ကို ဖွဲ့စည်းခဲ့ကြောင်း သိရှိရပါသည်။

ကောင်စီသည် SGUnited Jobs and Skills Package ဖြင့် လာမည့် ၁၂ လတာ ကာလအတွင်း အလုပ်အကိုင်ရှာဖွေသူ တစ်သိန်းခန့်အတွက် အလုပ်အကိုင်ဖန်တီးပေးရန်၊ အလုပ်သင်နှင့်စွမ်းဆောင်ရည်မြှင့်သင်တန်းအစီအစဉ်တို့ကို ကူညီဆောင်ရွက်ပေးသွားရန်ရည်ရွယ်ကြောင်း၊ ဤအဆင့်မြင့်ကောင်စီကို ဝန်ကြီးအဆင့်ရှိသူ ၈ ဦးနှင့် စီးပွားရေးအဖွဲ့အစည်းနှင့် အလုပ်သမားသမဂ္ဂတို့မှ ကိုယ်စားလှယ်များအပါအဝင် စုစုပေါင်း အဖွဲ့ဝင် ၁၇ ဦးဖြင့် ဖွဲ့စည်းထားကြောင်း၊ ကောင်စီ၏ ပထမဆုံး အစည်းအဝေးကို ဇွန်လ ၃ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပြီး COVID–19 ကြောင့် အလုပ်အကိုင်များအပေါ် သက်ရောက်မှု အခြေအနေ၊ SGUnited Jobs and Skills Package ကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရန် COVID–19 ကာလနှင့် နောက်ပိုင်းကာလများတွင် စင်ကာပူနိုင်ငံသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ သတ်မှတ်ဖော်ထုတ်ပေးနိုင်ရေး၊ အစိုးရ၊ အလုပ်သမားသမဂ္ဂ၊ လုပ်ငန်းရှင်သုံးပွင့်ဆိုင်ပူးပေါင်းမှုဖြင့်သာမက သင်တန်းဝန်ဆောင်မှုပေးသောလုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်မှုဖြင့် လုပ်ငန်းကဏ္ဍအသီးသီး၌ ကျွမ်းကျင်မှုအဆင့်အမျိုးမျိုးနှင့်သင့်တော်သော အလုပ်အကိုင်နှင့် သင်တန်းအခွင့်အလမ်းများစွာရရှိနိုင်သည့်သတင်းအချက်အလက်ဘဏ် (Sizeable Bank) တစ်ခုကို တည်ထောင်ရေး၊ လုပ်သားများ၏ အလုပ်အကိုင်လိုအပ်ချက်နှင့်အံဝင်ခွင်ကျဖြစ်စေရေး၊ လုပ်ငန်းခွင်တွင် တွဲဖက်ခန့်အပ်၍လေ့လာနိုင်ရေးနှင့် လုပ်ငန်းများက အသွင်ကူးပြောင်းဆောင်ရွက်လာခြင်းတို့ကြောင့် ကိုက်ညီသောအလုပ်အကိုင်များ ပြန်လည်ဖော်ထုတ်ပေးနိုင်ရေး စသည့် ဦးစားပေးလုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြကြောင်း ဖော်ပြထားပါသည်။

ယခင်ကထက် အရေအတွက်ပိုမိုများပြားသော အလုပ်အကိုင်နှင့် သင်တန်းအခွင့်အလမ်း များကို ဖန်တီးပေးသွားရန်မှာ စိန်ခေါ်မှုများရှိသော်လည်း ခိုင်မာသောပူးပေါင်းဆောင်ရွက်မှုများ ဖြင့် အောင်မြင်စွာအကောင်အထည်ဖော်သွားမည်ကြောင်း၊

အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍနှစ်ခုလုံးတွင် ယင်းအခွင့်အလမ်းများကို ဖန်တီးပေးနိုင်ရန်အတွက် နည်းလမ်းအမျိုးမျိုးဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး၊ အထူးသဖြင့် သက်လတ်ပိုင်းနှင့်သက်ကြီးပိုင်း လုပ်သားများအတွက် ဦးစားပေး၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကောင်စီ၏ဥက္ကဋ္ဌဖြစ်သူ စီနီယာဝန်ကြီး Tharman Shanmugaratnam က ပြောကြားခဲ့ပါသည်။

**Source: Media Press, Ministry of Trade and Industry, Singapore**

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ စင်ကာပူ**

## STOCK EXCHANGE (8.6.2020)

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 8th Jun. 2020

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 10,500 | +0 | +0.00% | 10,500 | 11,000 | 10,500 | 2,579 | 28,064,500 | 27,112,747 | 284,684 |
| MTSH | 00002 | 3,800 | -50 | -1.30% | 3,850 | 3,850 | 3,800 | 928 | 3,547,800 | 38,929,150 | 147,931 |
| MCB | 00003 | 8,200 | +100 | +1.23% | 8,100 | 8,200 | 8,100 | 1,003 | 8,124,600 | 10,400,986 | 85,288 |
| FPB | 00004 | 23,500 | +0 | +0.00% | 23,500 | 23,500 | 23,500 | 208 | 4,888,000 | 2,472,053 | 58,093 |
| TMH | 00005 | 2,800 | +100 | +3.70% | 2,800 | 2,800 | 2,750 | 2,948 | 8,253,900 | 12,823,224 | 35,905 |
| EFR | 00006 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,600 | 167 | 445,900 | 19,977,223 | 53,939 |


### Market summary

As of 8th Jun. 2020

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 447.49 | +0.26 | +0.06% | 447.23 | 457.47 | 445.71 | 7,833 | 53,324,700 | 6 | 665,840 |

**Index chart**



## Market Overview

As of 1:00 pm, 8th Jun. 2020

| MYANPIX | 447.49 ▲ 0.26 |
|---|---|
| Total Volume (shares) | 7,833 |
| Total Value (MMK) | 53 mil |
| Listed Company | 6 |
| Market Cap. (MMK) | 665,840 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 10,500 | ▲ 0 |
| MTSH | 00002 | 3,800 | ▼ 50 |
| MCB | 00003 | 8,200 | ▲ 100 |
| FPB | 00004 | 23,500 | ▲ 0 |
| TMH | 00005 | 2,800 | ▲ 100 |

TIR